# အများပြည်သူသို့ အသိပေးကြေညာချက် [1]

Posted on 19 September 2017

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနတွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့် အညီ ဖွဲ့စည်းမှတ်ပုံတင်ထားသောအများနှင့်သက်ဆိုင်သောကုမ္ပဏီများအနက်အများပြည်သူသို့အစုရှယ်ယာရောင်းချခွင့် ရှိသော ကုမ္ပဏီ ၅၅ ခု စာရင်းအား ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၈ ရက်နေ့ ကြေးမုံသတင်းစာတွင် ကြေညာခဲ့ပြီးဖြစ်ပါ သည်။

၂။ ယခုအခါအများပြည်သူသို့အစုရှယ်ယာရောင်းချခွင့်ရှိသောခွင့်ပြုထားသည့် အောက်ပါကုမ္ပဏီစာရင်းများကို သိရှိနိုင်ပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်-

| စဉ် | ကုမ္ပဏီအမည် | မှတ်ပုံတင်အမှတ်နှင့်ရက်စွဲ |
|---|---|---|
| 1. | တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီ လီမိတက်<br><br>TANINTHARYI DIVISION DEVELOPMENT PUBLIC COMPANY LIMITED | ၁၃၅၉/၂၀၁၂-၂၀၁၃<br>(၂၂-၆-၂၀၁၂) |
| 1. | ထားဝယ် ဖွံ့ဖြိုးတိုးတက်မှု အများပိုင် ကုမ္ပဏီ လီမိတက်<br><br>DAWEI DEVELOPMENT PUBLIC COMPANY LIMITED | ၁၇၉၅/၂၀၁၂-၂၀၁၃<br>(၇-၈-၂၀၁၂) |
| 1. | ရခိုင်စီးပွားရေးဦးဆောင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်<br><br>RAKHINE ECONOMIC INITIATIVE PUBLIC COMPANY LIMITED | ၃၉၇၄/၂၀၁၃-၂၀၁၄<br>(၁၇-၁၀-၂၀၁၃) |
| 1. | မြိတ်အနာဂါတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်<br><br>MYEIK FUTURE DEVELOPMENT PUBLIC COMPANY LIMITED | ၅၇၂၃/၂၀၁၃-၂၀၁၄<br>(၅-၃-၂၀၁၄) |

၃။ အထက်အပိုဒ် ၂ ပါကုမ္ပဏီ ၄ ခု အပါအဝင် ယခင် ထုတ်ပြန်ကြေညာထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ ၅၅ ခု၊ စုစုပေါင်းကုမ္ပဏီ ၅၉ ခုမှလွဲ၍ ကျန်မည်သည့် စီးပွားရေးလုပ်ငန်းကမျှ အများပြည်သူသို့ အစုရှယ်ယာ ရောင်းချခွင့်မရှိပါကြောင်းနှင့် အများပြည်သူသို့အစုရှယ်ယာရောင်းချရန် ထပ်မံခွင့်ပြုသော ကုမ္ပဏီများ ရှိလာပါက ၎င်းတို့ကိုလည်းဆက်လက်အသိပေးထုတ်ပြန်ပေးမည်ဖြစ်ပါကြောင်းသိရှိနိုင်ပါရန် အသိပေးကြေညာအပ် ပါသည်။

© Copyright DICA 2021. All rights reserved.

Made by ▫ Inspiral Creative